

Photo: Marcel Crozet / ILO

International Labour Organization

▶ မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားအရေး

# ဥပဒေရေးရာသုံးသပ်ချက်

**ဤလက်ကမ်းစာစောင်သည် မြန်မာနိုင်ငံတွင် ၂၀၂၀ခုနှစ်က ဆောင်ရွက်ခဲ့သော မြန်မာနိုင်ငံအတွင်း ကလေးအလုပ်သမားနှင့် စပ်လျဉ်းသော အမျိုးသားဥပဒေများနှင့် နည်းဥပဒေများကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဥပဒေရေးရာ သုံးသပ်ချက်ဆိုင်ရာ စာတမ်းအပေါ် အခြေခံထားသည်။ ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလအထိပါဝင်သည်။**

## ကလေးအလုပ်သမားဆိုသည်မှာ အဘယ်နည်း။

"ကလေးအလုပ်သမား" ဟူသော စကားအသုံးအနှုန်းကို မကြာခဏ ကလေးများ၏ ကလေးဘဝ၊ အလားအလာနှင့် ဂုဏ်သိက္ခာကို ဆုံးရှုံးစေသော၊ ကလေးများ၏ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုကို ထိခိုက်အန္တရာယ်ပေးသော အလုပ်အကိုင်အဖြစ် အဓိပ္ပါယ် ဖွင့်လေ့ရှိသည်။

"အလုပ်"၏ တိကျသတ်မှတ်ထားသော အချို့ပုံစံများကို "ကလေးအလုပ်သမား" ဟု ခေါ်ခြင်း၊ မခေါ်ခြင်းသည် ကလေး၏ အသက်၊ လုပ်ရသော အလုပ်အမျိုးအစားနှင့် အလုပ်ချိန်၊ လုပ်ရသည့် အခြေအနေများနှင့် သက်ဆိုင်ရာ နိုင်ငံများ ဆောင်ရွက်သော ရည်မှန်းချက်များအပေါ် မူတည်သည်။

အထူးသဖြင့် ကလေးအလုပ်သမားသည် -

- ပထမဦးစွာ အိုင်အယ်လ်အို ပြဋ္ဌာန်းချက်အမှတ် ၁၃၈နှင့် အညီ အမျိုးသားဥပဒေအရ သတ်မှတ်ထားသည့် "**အလုပ် သို့မဟုတ် အလုပ်အကိုင်သို့ ဝင်ရောက်ခွင့်ပြုသော ဥပဒေအရ သတ်မှတ်ထားသည့် အနိမ့်ဆုံးအသက်အောက် ရှိသော ကလေးတစ်ဦး လုပ်သော အလုပ်**" ဖြစ်ပြီး၊
- ဒုတိယအဖြစ် အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းများထဲမှ အလုပ်တစ်ခုဖြစ်လျှင် အသက်၁၈နှစ်အောက် ကလေးတစ်ဦး လုပ်သော အလုပ် ဖြစ်သည်။ အိုင်အယ်လ်အို ပြဋ္ဌာန်းချက်အမှတ် ၁၈၂၊ အပိုဒ်၃တွင် အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းကို -(က) ကျေးကျွန်ပြုခြင်း ပုံစံများအားလုံး သို့မဟုတ် ကျေးကျွန်ပြုခြင်းနှင့် အလားတူသော အလေ့အထများ၊ (ခ) ကလေးသူငယ်များအား ပြည့်တန်ဆာ လုပ်ငန်း၊ ညစ်ညမ်းရုပ်ပုံ၊ စာပေ၊ ရုပ်ရှင် သို့မဟုတ် ညစ်ညမ်း ဖျော်ဖြေတင်ဆက်မှုများအတွက် ကလေးသူငယ်တစ်ဦးကို အသုံးပြုခြင်း၊ အသုံးပြုရန် ရှာဖွေ၊ ခေါ်ယူပေးခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း၊ (ဂ) တရားဥပဒေနှင့်မညီသော လုပ်ငန်းများ အထူးသဖြင့် မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းနှင့် ဖြန့်ဖြူး ရောင်းချခြင်းတွင် ကလေးတစ်ဦးကို အသုံးပြုခြင်း၊ အသုံးပြုရန် ရှာဖွေ၊ ခေါ်ယူပေးခြင်း သို့မဟုတ် ကမ်းလှမ်းခြင်း ဟု သတ်မှတ်ထားသည်။

## မြန်မာနိုင်ငံတွင် ကလေးအလုပ်သမား ဘယ်လောက်ရှိပါသလဲ။

၂၀၁၅ခုနှစ်၊ မြန်မာအလုပ်သမားအင်အားစစ်တမ်းအရ -

အသက် ၅ နှစ်မှ ၁၇ နှစ်အရွယ် **၁.၁ သန်း**သည် ကလေးအလုပ်သမား အဖြစ် လုပ်ကိုင်နေကြသည်။

မြန်မာနိုင်ငံတွင် ကလေး အလုပ်သမားများ၏ **ထက်ဝက်**ခန့်သည် အန္တရာယ်ရှိသော အလုပ်အကိုင်များ လုပ်ကိုင်နေကြသည်။

နောက်ပိုင်းနှစ်များတွင် ကလေးအလုပ်သမား အရေအတွက် လျော့နည်းလာကြောင်း တွေ့ရသော်လည်း အထူးသဖြင့် အဆိုးရွားဆုံးပုံစံများတွင် မြန်မာနိုင်ငံ၌ ကလေးအလုပ်သမားများ ဆက်လက် ကျယ်ပြန့်စွာ ရှိနေဆဲ ဖြစ်သည်။

## ကလေးအလုပ်သမား တိုက်ဖျက်ရေးအတွက် ယခုအချိန်အထိ မြန်မာနိုင်ငံမှ လက်ခံထားသော နိုင်ငံတကာ ကတိကဝတ်များကို ဖော်ပြပါ။

အောက်ပါဇယားတွင် အကျဉ်းချုပ် ဖော်ပြထားသည့်အတိုင်း မြန်မာနိုင်ငံသည် ကလေးအလုပ်သမားဆိုင်ရာ နိုင်ငံတကာ ကိရိယာနည်းလမ်းများကို အသိအမှတ်ပြု လက်မှတ် ရေးထိုးထားသည်။ မြန်မာနိုင်ငံသည် ၂၀၁၉ နှင့် ၂၀၂၀ခုနှစ်များတွင် ကလေးအလုပ်သမား တားမြစ်ရေးနှင့် ပပျောက်ရေးဆိုင်ရာ အရေးယူဆောင်ရွက်မှုများ ဆောင်ရွက်ရန် ကတိကဝတ်များကို ခိုင်မာစေရန် -

- **အိုင်အယ်လ်အို အလုပ်လုပ်နိုင်ရန် အနိမ့်ဆုံး အသက်သတ်မှတ်ချက်ဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၁၉၇၃ခုနှစ် (အမှတ် ၁၃၈)**ကို ၂၀၂၀ခုနှစ်၊ ဇွန်လ၈ရက် နှင့်
- **ကလေးသူငယ် အခွင့်အရေးများဆိုင်ရာကုလသမဂ္ဂသဘောတူစာချုပ်၏နောက်ဆက်တွဲစာချုပ်** လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ **နောက်ဆက်တွဲ အခြေပြစာချုပ်အား**၊ ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ၂၇ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။




### ကလေးအလုပ်သမားဆိုင်ရာ ဆက်စပ်မှုအရှိဆုံး နိုင်ငံတကာစာချုပ်များ

| နိုင်ငံတကာစာချုပ်၊ ပြဋ္ဌာန်းချက်များ | လက်မှတ်ရေးထိုးခြင်း | အဆင့် |
|---|---|---|
| အိုင်အယ်လ်အို အဓမ္မလုပ်အားခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် (၂၉) | ၁၉၅၅ခုနှစ်၊ မတ်လ၄ရက် | အသက်ဝင် |
| အိုင်အယ်လ်အို အလုပ်လုပ်နိုင်သော အနိမ့်ဆုံးအသက်ဆိုင်ရာ ပြဋ္ဌာန်းချက် (၁၃၈) | ၂၀၂၀ခုနှစ်၊ ဇွန်လ၈ရက် | အသက်ဝင် |
| အိုင်အယ်လ်အိုအဆိုးရွားဆုံးသောပုံစံများဖြင့် ကလေးအလုပ်သမားခိုင်းစေမှုဆိုင်ရာ ပြဋ္ဌာန်းချက် (၁၈၂) | ၂၀၁၃ခုနှစ်၊ ဒီဇင်ဘာလ ၁၈ရက် | အသက်ဝင် |
| ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် (CRC) | ၁၉၉၁ခုနှစ်၊ ဇူလိုင်လ ၁၅ရက် | အသက်ဝင် |
| ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူ စာချုပ်၏ နောက်ဆက်တွဲ စာချုပ် ကလေးသူငယ်များကို ရောင်းချခြင်း၊ ကလေးပြည့်တန်ဆာ နှင့် ကလေးညစ်ညမ်း ရုပ်ပုံများဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် | ၂၀၁၂ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက် | အသက်ဝင် |
| ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂသဘောတူစာချုပ် ၏ နောက်ဆက်တွဲ စာချုပ် လက်နက်ကိုင် ပဋိပက္ခအတွင်း ကလေးသူငယ်များ ပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ် | ၂၀၁၉ခုနှစ်၊ စက်တင်ဘာလ ၂၇ရက် | အသက်ဝင် |
| အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များ အတွက် ရေးဆွဲထားသော လူကုန်ကူးမှု ကာကွယ်ရေး၊ တိုက်ဖျက်ရေး နှင့် ပြစ်ဒဏ်ပေးရေး ကုလသမဂ္ဂ ပါလဲမိုစာချုပ်။ ၂၀၀၀ ခုနှစ် | ၂၀၀၅ခုနှစ်၊ မတ်လ ၃၀ရက် | အသက်ဝင် |

## ဤနိုင်ငံတကာ ကတိကဝတ်များ ကို အမျိုးသားဥပဒေများတွင် ထည့်သွင်းထင်ဟပ်ထားပါသလား။

မြန်မာ့တရားစီရင်ရေးစနစ်သည် **ကိုလိုနီခေတ် အိန္ဒိယ-ဗြိတိသျှ ဥပဒေစနစ်မှ ဥပဒေဟောင်းအတွဲများဖြင့် ဖွဲ့စည်းထားပြီး အလုပ်သမား ဥပဒေများသည်** (စက်ရုံ၊ ဆိုင်များ၊ သတ္တုတွင်းများ၊ ရေနံမြေစသဖြင့်) **ကဏ္ဍအလိုက်ဖြစ်စေ၊** (လုပ်ခလစာ၊ ခွင့် နှင့် ရုံးပိတ်ရက် စသဖြင့်) **အကြောင်းအရာလိုက် ဖြစ်စေ၊** အစိတ်စိတ်အမွှာမွှာ ကွဲပြားသည်။

ဤသို့ အစိတ်စိတ်အမွှာမွှာဖြစ်နေခြင်းကြောင့် အထူးသဖြင့် နိုင်ငံတကာ အလုပ်သမား စံနှုန်းများ ရှုထောင့်မှကြည့်လျှင် ကလေးသူငယ်များ အပါအဝင် အချို့သော အလုပ်သမား အမျိုးအစားများတွက် အကာအကွယ်ပေးရေးဆိုင်ရာ ဥပဒေလစ်ဟာချက်များနှင့် ရှေ့နောက်မညီမှုများ ဖြစ်ပေါ်စေသောကြောင့် အရေးကြီးသော သက်ရောက်မှုများ ရှိသည်။

ထို့အပြင်  အခွင့်အရေး ရရှိသူများနှင့် တရားဥပဒေစိုးမိုးရေး အဖွဲ့အစည်းများအတွက်သာမက အလုပ်သမားများနှင့် အလုပ်ရှင်များအတွက်ပါ ရှင်းလင်းပြတ်သားမှုနှင့် လက်လှမ်းမီ အသုံးပြုနိုင်မှုပါ ကင်းမဲ့သွားစေသည်။

၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလအထိ မြန်မာအစိုးရသည် အထူးသဖြင့် ကလေးအလုပ်သမားအရေးနှင့် ငယ်ရွယ်သော အလုပ်သမားများအား ခေါင်းပုံဖြတ်သည့် အခြေအနေများမှ အကာအကွယ်ပေးခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းထိန်းကျောင်း ကြပ်မတ်သော မူဘောင်ကို ကောင်းမွန်စေရေးတွင် တိုးတက်မှုများ ရှိထားသည်။ ထို့ကြောင့် အခြားတိုးတက်မှုများအပြင် -

- (၁၉၉၃ခုနှစ် ကလေးသူငယ်ဥပဒေကို ရုတ်သိမ်းခဲ့သော) **ထင်ရှားသော ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဥပဒေကို ၂၀၁၉ ခုနှစ်** တွင် ပြဋ္ဌာန်းခြင်း၊
- **၂၀၁၆ခုနှစ်တွင် အလုပ်ရုံများအက်ဥပဒေ**ကို ပြင်ဆင်ခြင်းနှင့်
- **ဆိုင်များနှင့်အလုပ်ဌာနများဥပဒေသစ်ကို ၂၀၁၆ခုနှစ်** တွင် ပြဋ္ဌာန်းခြင်း တို့ ရရှိခဲ့သည်။

အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)နှင့် မြန်မာနိုင်ငံ တတိယအဆင့် လူကုန်ကူးမှုတိုက်ဖျက်ရေး တတိယ ငါးနှစ် စီမံကိန်း (၂၀၁၇-၂၀၂၁) စသည့် လုပ်ငန်းစီမံချက်များကိုလည်း ရေးဆွဲအတည်ပြုခဲ့သည်။ ထို့အပြင် **ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားဆင့် လုပ်ငန်းစီမံချက်**ကို ၂၀၁၉ခုနှစ် ဇန်နဝါရီလတွင် ချမှတ်ခဲ့သည်။

ဥပဒေမူဘောင်နှင့် အထူးသဖြင့် အစိတ်စိတ် အမွှာမွှာ ပြန့်ကြဲနေသော အလုပ်သမားဥပဒေများမှ အပြည့်အဝ ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ အကာအကွယ် မပေးထားသော သူများ အပါအဝင် ကလေးသူငယ်များအားလုံးကို လွှမ်းခြုံကာကွယ်ပေးသော ၂၀၁၉ ခုနှစ် ကလေးသူငယ် အခွင့်အရေးဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဥပဒေသုံးသပ်ချက်ရေးသားသည့်အချိန်တွင် ယေဘုယျအားဖြင့် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးထားသော ကလေးအလုပ်သမားဆိုင်ရာ နိုင်ငံတကာ စာချုပ်များ၊ ကတိကဝတ်များ၏ ပြဋ္ဌာန်းချက်များနှင့် တစ်သမတ်တည်း ကိုက်ညီခဲ့သည်။

အောက်ပါဇယားတွင် ၂၀၂၀ခုနှစ်၊ ဒီဇင်ဘာလအထိ ကလေးအလုပ်သမားဆိုင်ရာ မြန်မာနိုင်ငံ၏ အမျိုးသားဥပဒေမူဘောင်များကို မြန်မာ၏ နိုင်ငံတကာ ကတိကဝတ်များနှင့် နှိုင်းယှဉ် ခြုံငုံသုံးသပ်ချက်ကို ဖော်ပြထားသည်။



Photo: PhotoDoc/ ILO

## ကလေးအလုပ်သမားဆိုင်ရာ မြန်မာနိုင်ငံ၏ အမျိုးသားဥပဒေမူဘောင်များကို မြန်မာ၏ နိုင်ငံတကာ ကတိကဝတ်များနှင့် နှိုင်းယှဉ် ခြုံငုံသုံးသပ်ချက်

ကလေးအသက် ↑

| ပေါ့ပါးသောအလုပ် (ဆန္ဒရှိလျှင်) | လုပ်ငန်းခွင်ဝင်ရန် ယေဘုယျ အငယ်ဆုံး အသက်အရွယ် (မဖြစ်မနေလိုက်နာရန်) | အန္တရာယ်ရှိသော အလုပ်အကိုင် အပါအဝင် အဆိုးရွားဆုံးသော ပုံစံဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်း (မဖြစ်မနေလိုက်နာရန်) |
| --- | --- | --- |
| **ကလေးအလုပ်သမား မဟုတ်သော်လည်း** နိုင်ငံတကာ အလုပ်သမား စံနှုန်းများတွင် သတ်မှတ်ထားသည့်အတိုင်း သင့်တော် ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများ ရှိရေး သေချာဆောင်ရွက်ရန် လိုအပ် | **ကလေးအလုပ်သမား မဟုတ်သော်လည်း** နိုင်ငံတကာ အလုပ်သမား စံနှုန်းများတွင် သတ်မှတ်ထားသည့်အတိုင်း သင့်တော် ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများ ရှိရေး သေချာဆောင်ရွက်ရန် လိုအပ် | **၁၈နှစ် (ခြွင်းချက်နှင့်အလွန် တင်းကြပ်သော စည်းကမ်းချက်များ အရ၁၆နှစ်)**<br>**အန္တရာယ်ရှိသော အလုပ်အကိုင်များ စာရင်းကို အမျိုးသားအဆင့်တွင် ပြဌာန်းထားရမည်။**<br>**အိုင်အယ်လ်အိုပြဌာန်းချက်အမှတ် ၁၃၈၊ အပိုဒ်၃နှင့် အိုင်အယ်အိုပြဌာန်းချက်အမှတ် ၁၈၂၊ အပိုဒ်၃**<br>~<br>**မြန်မာနိုင်ငံ - ၁၈ နှစ်**<br>ကလေးသူငယ်အခွင့်အရေးဥပဒေပုဒ်မ ၃(တီ)နှင့် ၄၈(က)<br>**သို့မဟုတ် ၁၆နှစ်**<br>သို့သော် အိုင်အယ်လ်အို ပြဌာန်းချက် များမှ တောင်းဆို ထားသော လိုအပ်သည့် အကာအကွယ်များ ပေးအပ်ခြင်းမရှိပေ။<br>အလုပ်ရုံများအက်ဥပဒေပုဒ်မ ၂၅၊ ၂၉နှင့် ၇၅(က)၊ ၂၀၁၆ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေပုဒ်မ ၁၄(င)၊<br>အန္တရာယ်ရှိသော အလုပ်အကိုင် စာရင်းကို မပြဌာန်းရသေးပေ။ |
| **ကလေးအလုပ်သမား မဟုတ်သော်လည်း နိုင်ငံတကာ အလုပ်သမား စံနှုန်းများတွင် သတ်မှတ်ထားသည့် အတိုင်း သင့်တော် ကောင်းမွန်သော လုပ်ငန်းခွင် အခြေအနေများ ရှိရေး သေချာဆောင်ရွက်ရန် လိုအပ်** | **ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ၁၅နှစ် သို့ ၁၄နှစ် အရွယ်များ**<br>အိုင်အယ်လ်အို ပြဌာန်းချက် အမှတ် ၁၃၈၊ အပိုဒ်၂<br>~<br>**မြန်မာ - ၁၄ နှစ်**<br>ကလေးသူငယ်အခွင့်အရေး ဥပဒေပုဒ်မ၄၈(ခ)၊ အလုပ်ရုံများအက်ဥပဒေပုဒ်မ ၇၅၊ ၂၀၁၆ခုနှစ်၊ ဆိုင်များနှင့် အလုပ်ဌာနများ ဥပဒေပုဒ်မ ၁၃ **(က)** | **ကလေးအလုပ်သမားဖြစ်၍** တားမြစ်ရန်နှင့် ပပျောက်အောင် ဆောင်ရွက်ရန် |
| **ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ၁၃နှစ် သို့ ၁၂နှစ် အရွယ်များ**<br>**အိုင်အယ်လ်အိုပြဌာန်းချက် အမှတ် ၁၃၈၊ အပိုဒ် ၇**<br>~<br>**မြန်မာ - ဤလိုက်လျောညီထွေဖြစ်ရေး အပိုဒ်ကို ယခုအချိန်အထိ အသုံးမပြုထားပေ၊** | **ကလေးအလုပ်သမားဖြစ်၍** တားမြစ်ရန်နှင့် ပပျောက်အောင် ဆောင်ရွက်ရန် | **ကလေးအလုပ်သမားဖြစ်၍** တားမြစ်ရန်နှင့် ပပျောက်အောင် ဆောင်ရွက်ရန် |




**အရေးကြီးသော တိုးတက်မှုကို မကြာသေးမီက အောင်မြင်ခဲ့သော်လည်း အထူးသဖြင့် ကျင့်သုံး၊ အရေးယူမှုအဆင့်တွင် လက်တွေ့၌ သိသာထင်ရှားသော စိန်ခေါ်မှုများ ကျန်ရှိနေဆဲဖြစ်သည်။**

## မည်သည့်စိန်ခေါ်မှုများ ကျန်ရှိနေသေးသလဲ။

ကုလသမဂ္ဂ စာချုပ်အဖွဲ့များနှင့် အိုင်အယ်လ်အိုပြဌာန်းချက်များနှင့် အကြံပြုချက်များ လိုက်နာကျင့်သုံးမှုဆိုင်ရာ ကျွမ်းကျင်သူများ ကော်မတီကဲ့သို့သော နိုင်ငံတကာ ကြီးကြပ်ရေးအဖွဲ့အစည်းများမှ အကြိမ်ကြိမ် မီးမောင်းထိုးပြထားသကဲ့သို့ အရေးကြီးသော တိုးတက်မှုကို မကြာသေးမီက အောင်မြင်ခဲ့သော်လည်း **အထူးသဖြင့် ကျင့်သုံး၊ အရေးယူမှုအဆင့်တွင် လက်တွေ့၌ သိသာထင်ရှားသော စိန်ခေါ်မှုများ ကျန်ရှိနေ**ဆဲဖြစ်သည်။ ထိုသို့ဖြစ်ရခြင်းမှာ တရားမဝင် အလွတ်သဘော စီးပွားရေးစနစ် ကြီးမားပျံ့နှံ့မှု၊ အလုပ်သမား ဥပဒေများနှင့် ကလေးသူငယ်အခွင့်အရေးဥပဒေများအကြောင်း ယေဘုယျ အသိအမြင် မရှိခြင်းစသည့် အကြောင်းရင်းများစွာ ရှိသည့်အပြင် တရားစွဲဆိုခြင်းလည်း နည်း၍ ကလေးအလုပ်သမားဆိုသည်မှာ မည်သည်တို့ဖြစ်ကြောင်း သိရှိနားလည်မှု နည်းပါးခြင်း၏ ရလဒ်   ကြောင့်လည်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် အသက်မပြည့်သေးသော ကလေးသူငယ်များအား အလုပ်ခန့်ခြင်း တားမြစ်ရေး ဥပဒေပြဌာန်းချက်ကို လိုက်နာကျင့်သုံးရန်၊ အရေးယူရန် ဆောင်ရွက်ရာတွင် လက်တွေ့ကျသော သိသာထင်ရှားသည့် အခက်အခဲတစ်ခုမှာ **အသက်အရွယ် စိစစ်ခြင်း**နှင့် ဆက်စပ်နေသည်။

အထူးသဖြင့် **အဆိုးရွားဆုံးသော ပုံစံများဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်း**နှင့် ပတ်သက်၍ အိုင်အယ်လ်အိုပြဌာန်းချက် အမှတ် ၁၈၂၊ အပိုဒ်၃ပါ သတ်မှတ်ချက်များအရ ၂၀၂၀ခုနှစ်အထိ ဥပဒေဆိုင်ရာ သုံးသပ်ချက်တွင် အောက်ပါအတိုင်း တွေ့ရှိသည် -

- မြန်မာနိုင်ငံတွင် **အန္တရာယ်ရှိသော အလုပ်အကိုင်စာရင်းကို ပြဋ္ဌာန်းရန်** လိုအပ်နေသေးသည်။ ထိုသို့သော စာရင်းကို အိုင်အယ်လ်အို၏ နည်းပညာပံ့ပိုးမှုဖြင့် ကလေးအလုပ်သမားဆိုင်ရာ နည်းပညာအလုပ်အဖွဲ့မှ ရေးသားပြုစုထားသော်လည်း မပြဋ္ဌာန်းရသေးပေ။ မြန်မာနိုင်ငံတွင် နေရာတိုင်းပျံ့နှံ့နေသော **ကလေးအိမ်အကူအလုပ်**ကို အန္တရာယ်ရှိသော အလုပ်စာရင်းတွင် ထည့်မည်လားဟူသော အချက်သည်လည်း ယခုအထိ မရှင်းလင်းသေးပေ။

- နိုင်ငံတကာ ကြီးကြပ်ရေးအဖွဲ့များ အထူးသဖြင့် (က) အစိုးရလက်နက်ကိုင်တပ်ဖွဲ့များ (တပ်မတော်)နှင့် အစိုးရမဟုတ်သော **လက်နက်ကိုင်အဖွဲ့များမှ ကလေးသူငယ်များကို လက်နက်ကိုင် ပဋိပက္ခများ**တွင် မဝင်မနေရ တပ်သားသစ်စုဆောင်းခြင်း၊ (ခ) **လိင်ပိုင်းဆိုင်ရာနှင့် လုပ်အားခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်များအတွက် ကလေးသူငယ်များကို ရောင်းစားခြင်းနှင့် လူကုန်ကူးခြင်း**တို့နှင့် စပ်လျဉ်း၍ အထူးစိုးရိမ်မှုများကို ထပ်ခါတလဲ ပြောကြားခဲ့ကြသည်။

**လက်တွေ့တွင် အခြေအနေသည် များစွာ ထိခိုက်ပျက်စီးလွယ်သေးသည်။** အမှန်စင်စစ် မြန်မာနိုင်ငံတွင် အဆိုးရွားဆုံးသောပုံစံများဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်းအပါအဝင် ကလေးအလုပ်သမားများကို တားမြစ်ရန်နှင့် ပပျောက်ရေး လုပ်ဆောင်ရန် ကတိကဝတ်များသည် ယခုအချိန်အထိ အသစ်အဆန်း ဖြစ်နေပြီး သဘောတရားများစွာသည် ရိုးရာဓလေ့များ၊ ထုံးတမ်းစဉ်လာစံသတ်မှတ်ချက်များနှင့် ယဉ်ကျေးမှုတို့နှင့် မကြာခဏ ကွဲလွဲနေသောကြောင့် ထိထိရောက်ရောက် သိရှိနားလည်ရန်၊ လက်ခံကျင့်သုံးရန်နှင့် အမျိုးသားအဆင့် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်နေဆဲဖြစ်သည်။

ဤအပိုင်းတွင် **ကိုဗစ်-၁၉ ကပ်ရောဂါ**ဖြင့် နိုင်ငံတကာအဆင့်တွင် မကြာသေးမီက ဖြစ်ပေါ်ခဲ့သော ပြောင်းလဲမှုဖြစ်စဉ်များသာမက နိုင်ငံအဆင့်တွင် **၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၁ရက်နေ့တွင် စစ်တပ်မှ အရပ်သားအစိုးရကို ဖယ်ရှားခဲ့ခြင်း**တို့သည် မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားတိုက်ဖျက်ရေးအတွက် အောင်မြင်ခဲ့သော လတ်တလော တိုးတက်မှုများအပေါ် ဆိုးကျိုးသက်ရောက်မှုများ ဖြစ်လာနိုင်သည့် အလားအလာရှိသဖြင့် အလွန်စိုးရိမ်စရာဖြစ်နေသည်။

## ရှေ့ဆက်၍ မည်သည့်အဆင့်များကို ဆောင်ရွက်ရန် အကြံပြုထားပါသလဲ။

အဆိုးရွားဆုံးသောပုံစံများဖြင့် ကလေးအလုပ်သမားခိုင်းစေခြင်း အပါအဝင် ကလေးအလုပ်သမားကို ထိရောက်စွာ တားမြစ်ခြင်းနှင့် ပပျောက်ရေးသို့ ဆက်လက်ဦးတည် ဆောင်ရွက်သွားနိုင်ရန် ၂၀၂၀ခုနှစ်တွင် လုပ်ခဲ့သော မြန်မာနိုင်ငံ ကလေးအလုပ်သမားဆိုင်ရာ အမျိုးသားအဆင့် ဥပဒေများနှင့် နည်းဥပဒေများကို နိုင်ငံတကာ စံနှုန်းများဖြင့် ဥပဒေရေးရာ သုံးသပ်ချက်ကို ဒုတိယအကြိမ် ထုတ်ဝေရာတွင် အကြံပြုချက်များ ပေးအပ်ခဲ့သည်။

**မြန်မာနိုင်ငံတွင် ကလေးအလုပ်သမားအရေး ဆက်လက် သိလိုပါက**

***www.ilo.org/yangon/areas/childlabour***

**တွင် လေ့လာပါရန်**

ဆက်လက် ဆောင်ရွက်ရန် ဖော်ထုတ်ခဲ့သော **အဓိက ဦးစားပေးကဏ္ဍများ**တွင် အောက်ပါတို့ ပါဝင်သည် -

- မြန်မာနိုင်ငံလက်မှတ်ရေးထိုးထားသော အိုင်အယ်လ်အိုပြဋ္ဌာန်းချက် အမှတ် ၁၃၈ နှင့် ၁၈၂တွင် တောင်းဆိုထားသည့်အတိုင်း အသက်၁၈နှစ်အောက် ကလေးများအတွက် “အန္တရာယ်ရှိသော အလုပ်စာရင်း”တွင် ကလေးအိမ်အကူအလုပ်ကို ထည့်သွင်းထားခြင်း စစ်ဆေးခြင်း အပါအဝင် အပြီးသတ် အတည်ပြု၍ ပြဋ္ဌာန်းရန်။
- ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ထိရောက်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အသေးစိတ် ရေးဆွဲပြဋ္ဌာန်းရန်။
- နိုင်ငံတကာစံနှုန်းများနှင့်အညီ ရှေ့နောက်ညီညွတ်သော အမျိုးသားဥပဒေမူဘောင်တစ်ခု သေချာစွာ ဖြစ်ပေါ်စေရန် ၂၀၁၉ခုနှစ် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များသည် အလုပ်သမားဥပဒေများနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် သဟဇာတဖြစ်၊ ညီညွတ်အောင် ဆောင်ရွက်ရန်။
- ကလေးအလုပ်သမားဆိုင်ရာနှင့် အထူးသဖြင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေနှင့် အလုပ်သမားဥပဒေများကဲ့သို့ သက်ဆိုင်ရာ အမျိုးသား ဥပဒေပြဋ္ဌာန်းချက်များအကြောင်း တရားဥပဒေစိုးမိုးရေးဆိုင်ရာ တာဝန်ရှိသော အာဏာပိုင် အဖွဲ့အစည်းများ၊ အလုပ်ရှင်များ၊ အလုပ်သမားများ၊ ရပ်ရွာလူထုများ၊ မိဘများနှင့် ကလေးသူငယ်များအတွက် အမြင်ဖွင့်၊ အသိပညာပေး လှုပ်ရှားမှုများ ခိုင်မာအားကောင်းလာစေရန်။
- တရားမျှတမှုကို ပိုမို လက်လှမ်းမီ ရယူနိုင်ခြင်းနှင့် ကဏ္ဍအားလုံးတွင် အလုပ်သမား စစ်ဆေးရေးကို စနစ်တကျ ဆောင်ရွက်နိုင်ရေးတို့ကို သေချာစွာ လုပ်ဆောင်လျက် တရားဥပဒေစိုးမိုးရေး ယန္တရားများ အားကောင်းလာစေရန်။
- အထူးသဖြင့် အဆိုးရွားဆုံးသော ပုံစံများဖြင့် ကလေးအလုပ်သမား ခိုင်းစေခြင်း အပါအဝင် ကလေးအလုပ်သမား ခိုင်းစေခြင်းဖြင့် ကျူးလွန်သူများအား ထိရောက်စွာ တရားစွဲဆို အရေးယူနိုင်ရန်သာမက နောက်ထပ်မကျူးလွန်အောင် တားမြစ်ဟန့်တားသော ပြစ်ဒဏ်များ ချမှတ်ရန်။



Photo: PhotoDoc/ ILO